# ထန်းပင်ကုန်းကျေးရွာ

# ဖျာပုံမြို့နယ်

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

## (၂၀၂၂-၂၀၂၇)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ထန်းပင်ကုန်းကျေးရွာ၊ ဖျာပုံမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်။)

အောက်တိုဘာလ၊ ၂၀၂၂ခုနှစ်

# မာတိကာ



| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃-၄ |
| | **ထန်းပင်ကုန်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွန်ပြပုံ၊ အဖွဲ့အစည်း ပြပုံ၊ ဖျာပုံမြို့** | ၅-၇ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၈-၈ |
| ၂။ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၈-၉ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၉-၉ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | ၉-၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၁၀-၁၀ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၁၀-၁၀ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၀-၁၁ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၁-၁၁ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁-၁၂ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၂-၁၂ |
| ၆။ | **ပညာရေး** | ၁၂-၁၂ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၂-၁၃ |
| ၈။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃-၁၃ |
| ၉။ | **ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၃-၁၃ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၄-၁၄ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၅-၁၅ |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၆-၅၈ |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၉-၆၀ |
| | နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း | ၆၁-၆၃ |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) | ၆၄-၆၅ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ထန်းပင်ကုန်း ကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် ဖျာပုံမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလ များက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ် ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက် အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ် များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွား ရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုး ရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

အောက်တိုဘာလ၊ ၂၀၂၂ ခုနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ထန်းပင်ကုန်းကျေးရွာ
ဖျာပုံမြို့နယ်

# ထန်းပင်ကုန်းကျေးရွာ သယံဇာတပြမြေပုံ



# ထန်းပင်ကုန်းကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ



# ထန်းပင်ကုန်းကျေးရွာ ရာသီခွင်ပြပြက္ခဒိန်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဖျာပုံမြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်း ဒေသကြီး၊ ဖျာပုံခရိုင်တွင် တည်ရှိပါသည်။ ဖျာပုံမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၆ မိနစ်နှင့် ၁၆ဒီဂရီ ၃၀ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၇၀ မိနစ်နှင့် ၉၅ ဒီဂရီ ၆၈ မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၁.၉၅) စတုရန်းမိုင်ကျယ်ဝန်း ပါသည်။ အရှေ့မှအနောက်သို့ (၁.၁၅)မိုင်ရှိပြီး တောင်မှမြောက်သို့ (၃.၃၅)မိုင် ရှည်လျားပါသည်။

ဖျာပုံမြို့သည် အရှေ့ဘက်တွင် ဒေးဒရဲမြို့၊ အနောက်ဘက်တွင် ဘိုကလေးမြို့၊ မြောက်ဘက်တွင် ကျိုက်လတ်မြို့၊ တောင်ဘက်နှင့်အနောက်တောင်ဘက်တွင် ဘင်္ဂလား ပင်လယ်အော်တို့နှင့် နယ်နိမိတ်ချင်း ထိစပ် လျက်ရှိပါသည်။

ထန်းပင်ကုန်းကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ နောက်မီး ကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ ဖျာပုံမြို့နယ်နှင့် (၇၀)မိုင် ကွာဝေးပါသည်။ ထန်းပင်ကုန်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်သည်။ အခြားလုပ်ငန်းများကိုလည်း အနည်းငယ်လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဖျာပုံမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသ ဖြစ်ပါသည်။ ဖျာပုံမြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် ၂၉.၂၂ °C ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇ °C ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ (၈၈.၁၉) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသော လမှာ ဇူလိုင်လနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

ထန်းပင်ကုန်းကျေးရွာတွင် လယ်မြေ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီ အသင့်အတင့်ကောင်းမွန်သည်။ တောင်သူအားလုံးမှာ ချောင်းရေနှင့် အဝီစိတွင်းရေ ဖြင့် လယ်မြေဧက(၃၉၄.၆၀)ခန့်ကိုသာ ရေသွင်းစိုက်ပျိုးကြပြီး အခြားမြေဧက(၂၇)ဧက မှာ ဥယာဉ်ခြံမြေများဖြစ် ကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၁၃)ဦး၊ ၊ ဂေါပကအဖွဲ့(ကျား-၅)ဦး၊ လမ်းကော်မတီအဖွဲ့(ကျား-၄ ဦး၊ မ-၃ ဦး)၊ လူငယ်အဖွဲ့ (ကျား-၆၈ ဦး)၊ အမျိုးသမီးအဖွဲ့(မ-၂၀)ဦး၊ လယ်သမားအဖွဲ့(ကျား-၄၀)ဦး တို့သည် ကျေးရွာ၏သာရေးနာရေး၊ လူမှုရေး များတွင် အားတက်သရော စုပေါင်းလုပ်ဆောင်

နေကြသည်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၄။ စီပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ထန်းပင်ကုန်းကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု (၅၀)စု၊ (၂.၅)ကေအောက် ဆင်းရဲသားတောင်သူ(-) အိမ်ထောင်စု၊ (၂.၅)ကေ မှ(၅)ကေကြားရှိ တောင်သူငယ်(၂)အိမ်ထောင်စု၊ (၅)ကေမှ (၁၂.၅)ကေ ကြားရှိ တောင်သူလတ် (၁)အိမ်ထောင်စု၊ (၁၂.၅)ကေ အထက်ရှိ တောင်သူကြီး (၃) အိမ်ထောင်စု စသည်တို့ ရှိကြသည်။ အဓိအားဖြင့် စပါး၊ ကွမ်းနှင့် မတ်ပဲကို အဓိကထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စု(၅၀)အိမ်ခန့်ရှိပြီးအများစုသည် နေ့စား/ကျပန်းအဖြစ် လုပ်ကိုင်စား သောက်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ ချောင်းရေနှင့် အဝီစိတွင်းမှရရှိသော ရေကိုအဓိက အသုံးပြု၍ စိုက်ပျိုးရေးလုပ်ကိုင်ကြပြီး မြစ်ရေနှင့်အဝိစိတွင်းနှင့် ဝေးကွာသည့်ကိုင်းမြေ ကေများတွင် ရေလုံလောက်စွာမရရှိသဖြင့် သီးနှံအထွက်နှုန်းမှာ(၈၅)ရာခိုင်နှုန်းလောက်သာ ရရှိပါသည်။ ကျေးရွာရှိစိုက်ပျိုးတောင်သူများတွင် တစ်ဦးချင်းပိုင်လက်တွန်းထွန်စက်(၁၉) စီး ၊ ခြွေလှေ့စက် (၃)စီး၊ ရေစုပ်စက်(၄၉)လုံးရှိပြီး ငှားရမ်းလုပ်ကိုင်ကြသော တောင်သူများ လည်းရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် ဓါတ်တု ပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတ်ဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကို ရွှေလောင်းဈေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင် တောင်သူ ကိုယ်တိုင် သော်လည်းကောင်း၊ ကုန်သည်ပွဲစားများမှတဆင့်သော်လည်းကောင်း၊ ရောင်းချနိုင်ကြပါသည်။ မိုးတွင်းကာလတွင်ရေနက်တွင်းကိုင်းမြေများဖြစ်သဖြင့် စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ကြခြင်း မရှိပါ။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဝက်မွေးမြူထားသည့် အိမ်ထောင်စုမှာအများစုမှာ(၂၆) အိမ်ထောင်စု ရှိပြီး ဝက်ကောင်ရေ (၃၅)ကောင်၊ ကြက်မွေးမြူထားသည့် အိမ်ထောင်စု (၉၇)အိမ်ရှိပြီး ကြက်ကောင်ရေ (၇၅၂)ကောင်၊ ဘဲမွေးမြူထားသည့် အိမ်ထောင်စုမှာ(၈) အိမ်ထောင်စုရှိ ပြီး ဘဲကောင်ရေ (၇၃၁) ကောင်တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပါတ်သတ်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆို ပါက မွေးမြူရေးနည်းပညာနှင့် ပါတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်း ကြပါသည်။

**(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ထန်းပင်ကုန်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများမှာ စျေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ ပန်းရံ-လက်သမား၊ ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ်တက်စီအငှားလိုက် အစရှိသည့်လုပ်ငန်းများ လုပ်ကိုင်ကြ သည်။ နေ့စားအလုပ်လုပ်ကိုင်သူမှုများမှာ စျေးဆိုင်၊ ဝန်ထမ်း၊ ပန်းရံ-လက်သမားအလုပ် သမားများ အဖြစ် သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊ မ(၃၀၀၀) ကျပ်ရရှိပါသည်။ ကျေးရွာ အိမ်ထောင်စုပေါင်း (၁၁၇)အိမ်ခန့် လုပ်ကိုင် ကြသည်။ ကျေးရွာတွင်စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်း ကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့် လိုက်လျော ညီထွေဖြစ်သော အတက်ပညာများ ကျွမ်းကျင်စွာတက်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ် အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ လယ်ယာသား၊ ငါးထွက်ကုန်းမဟုတ်သောအခြား ဒေသ ထွက်ကုန်များကို ရောင်းချရန် စျေးကွက်အသင့်အတင့်ရှိသော်လည်း စျေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမ ဦးစီးဌာနဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ကေလျှင် (၁၅၀၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁၅၀၀၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၆၅) ကျပ်နှုန်း ဖြစ်ပြီး လတိုး ဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၇) လဖြစ်သည်။ လယ်သမားများ အနေဖြင့် လုံလောက်သော ချေးငွေ ပမာဏအား နှစ်ရှည် (အနည်းဆုံး ၃ နှစ်) ထုတ်ချေးပေးမည် ဆိုပါက ပိုမို အကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပေသည်။

သမဝါယမ အဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင် ဖြစ်လျှင် ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန်(၅၀၀၀) ကျပ်စုရသည်။ စိုက်ပျိုးရေးနှင့် ကျဗန်းဟူ၍ ငွေထုတ်ချေးသည့်ပုံစံ(၂)မျိုးရှိသည်။ အတိုးနှုန်းလည်းမတူပါ။ ချေးငွေ ပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ် (၁၀၀၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။

ပက်-မြန်မာ၊ ဖူလတန်ငွေကြေးဝန်ဆောင်မှု အဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ (၁၈)နှစ်ခန့် ရှိပြီ ဖြစ်ပါသည်။ စိုက်ပျိုးရေး ချေးငွေနှင့် ရိုးရိုးချေးငွေဟူ၍(၂)မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင်(၂၀၀၀၀၀) ကျပ်ဖြစ်ပြီး

ရိုးရိုးချေးငွေမှာ(၈၀၀၀၀)ကျပ်ဖြစ်သည်။စိုက်ပျိုးရေးချေးငွေရရှိရန် ပုံစံ(၇) လိုအပ်သည်။ သို့ရာတွင်ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲရှိနေပါသည်။ အဘယ်ကြောင့် ဆိုသော် ပြန်လည်ပေးဆပ်သည့်ပုံစံမှာ နှစ်ပတ်လျှင် တစ်ကြိမ်ပြန်လည် ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရလုပ်ငန်းမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်း ပညာများ မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ထန်းပင်ကုန်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်ရေကြောင်းနှင့် ကုန်းလမ်း နှစ်ခုစလုံးကိုအသုံးပြုနိုင်ပါသည်။ အသုံးပြုသောယာဉ်များမှာ လှေ(၁၅)စီး၊ စက်လှေ (၆)စီး၊ စက်ဘီး(၁၀)စီး၊ ထော်လာဂျီ(၂)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီးနှင့် မော်တော်ဆိုင်ကယ်(၂၅) စီးရှိပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကျေးရွာလူထုမှ ကိုယ်တိုင် ပြုပြင်ခြင်းများဖြင့် အဆင်ပြေစွာသွားလာနိုင်အောင် ဆောင်ရွက်ခဲ့ရပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာမီးအလင်းရောင်အတွက် ဆိုလာမီးလင်းရေးစနစ်ကို အသုံးပြုကြပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ထန်းပင်ကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၄၃၇)လုံး၊ ရေဒီယို (၂၅)လုံး၊ တီဗွီ (၁၅)လုံး၊ ဂြိုလ်တုစလောင်း (၁၅)လုံး စသည်တို့မှ ရရှိသည့်အပြင် **Ooredoo, MPT, Mytel, Telenor** ဖုန်းလိုင်းများ ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

**၆။ ပညာရေး**

ထန်းပင်ကုန်းကျေးရွာရှိတွင် အခြေခံပညာမူလတန်းကျောင်းရှိ၍ ကျောင်းသား/ ကျောင်းသူများ ပညာသင်ကြားနေပြီး အဆိုပါကျောင်းဆောင်မှာ တစ်ထပ် အုတ်ကျောင်း ဖြစ်ပြီး အရည်အသွေး ကောင်းမွန်ပါသည်။ ကျောင်းအုပ်ဆရာမကြီး(၁)ဦး၊ လက်ထောက် ဆရာ၊ ဆရာမ(၆)ဦးရှိပါသည်။ ဆရာတပည့်အချိုးအားဖြင့်(၄၀;၁)အောက် ဖြစ်ပါသည်။ ကျောင်းတွင် အခန်းများခွဲထားပါသည်။အခြေခံပညာကျောင်းသူ/ သား(၁၄၀)ဦး ရှိပါသည်။ သောက်သုံးရေကို ကျောင်းဝင်းအတွင်းရှိ လက်နှိပ်တုံကင်မှ ခပ်ယူ သုံးစွဲပါသည်။ (၂)ခန်းတွဲအိမ်သာ(၂)လုံးကလည်း ကျောင်းသူ/ကျောင်းသားများအတွက် လုံလောက်မှု ရှိပါသည်။ ထိုင်ခုံနှင့်စာရေးခုံများလိုအပ်ချက် ရှိပါသည်။

သောက်ရေအတွက်အခက်အခဲရှိသောကြောင့် ကျောင်းသားကျောင်းသူများ အတွက် ဂါလံ(၂၀၀)ဆန့် အုတ်ရေလှောင်ကန်တစ်ကန်တည်ဆောက်ပေးပါက တစ်နှစ်ပတ်လုံး သောက်ရေဖူလုံနိုင်ပေမည်။ ကျေးရွာတွင် စာမတတ်သည့်ဦးရေအများစုမှာ သက်ကြီးရွယ်အို များဖြစ်ပြီး (၁.၂) ရာခိုင်နှုန်းရှိပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၇၂.၈၉) ရာခိုင်နှုန်းသာရှိပြီး အလယ်တန်းအဆင့် စာတတ်မြောက်သူဦးရေ (၁၃.၃) ရာခိုင်နှုန်းနှင့် အထက်တန်းဆင့် စာတတ်မြောက် သူဦးရေ (၃.၄၉) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်မှုနှုန်းမှာ(၀.၈၂)ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်း များတွင် လူ့စွမ်းအား အရင်း အမြစ် ကောင်းများ ဖြစ်ကြပါသည်။

## ၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျန်းမာရေးအတွက် တစ်စုံတစ်ရာဖြစ်ပွားပါက (၁၄)မိုင်အတွင်း ကွာဝေးသော အမာမြို့ ဆေးရုံတွင်အဓိကထား၍ သွားရောက်ပြသပါသည်။ ဆေးရုံတွင် ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပါသည်။ အသေးစား ကျန်းမာရေးနှင့် ဆိုင်သော ဆေးဝါးများကို ကြက်ဖမွေးဇောင်းကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစား ကျန်းမာရေးအတွက်က ကျေးရွာရှိ ဆေးဆိုင်တွင်ရနိုင်ပါသည်။ အရေးပေါ် ကိစ္စရပ်များ အတွက်ကိုမူ ဖျာပုံမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက် ပြသကြပါသည်။ ကျေးရွာအတွင်းတွင် ကျေးလက် ကျန်းမာရေးဆေးပေးခန်း တစ်ခန်းထားရှိရန်နှင့် ကျန်းမာရေးဝန်ထမ်း တစ်ဦးရှိခြင်းဖြင့် ကျေးရွာအတွက်ပါ ကောင်းမွန်သော အကျိုး သက်ရောက်မှုရှိလာပါမည်။

ချောင်းရေနှင့် လက်နှိပ်တုံကင်စက်တပ်(၁)တွင်းရှိခြင်းကြောင့် သောက်သုံးရေ အတွက် လုံလောက်မှုရှိသော်လည်း ရေအရည်အသွေးမှာ အနည်းငယ်ညံ့ပါသည်။ ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ (၅၀)အိမ်၊ ယင်လုံအိမ်သာ ယင်လုံ အိမ်သာဆောက်လုပ်ရာတွင် မြေပြိုခြင်းကြောင့် ကွန်ကရစ်ခွေချမှသာ ဆောက်လုပ်နိုင်မည် ဖြစ်သဖြင့် မဆောက်လုပ်နိုင်ကြပဲ အခြားအိမ်သာများသို့သွားခြင်း တောတိုးခြင်းများကို ပြုလုပ်ကြပါသည်။ ထို့ကြောင့် ကျန်းမာသန့်ရှင်းရေးနှင့် ကိုက်ညီသည့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျကြောင်း သုံးသပ်ဆွေးနွေးကြပါသည်။

## ၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ထန်းပင်ကုန်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စု များနှင့် လက်လုပ်လုပ်စား၊ ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်း

အိမ်ထောင်စုများသည် သဘောဂဘေးနှင့် စားနပ်ရိက္ခာများ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ထန်းပင်ကုန်းကျေးရွာတွင် သဘာဂဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပြီး အိမ်ထောင်စုများမှစားသုံးရန် ထမင်းဟင်းများချက်ပြုတ်ရန် ထင်းများ ခုတ်ယူသုံးစွဲသဖြင့် သစ်တောပြုန်းတီးမှုအနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ တီဘီရောဂါဖြစ်ပွားသည့်လူနာအနည်းငယ် ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင်ဖြစ်ပေါ်သောခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက်တုတ်ကွေးရောဂါများဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

## ၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ထန်းပင်ကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသားဦးရေထက်များ ပါသည်။ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀) ကျပ်ခန့် ရရှိကြသည်။ ကောက်ရိတ်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင်(၄၀၀၀)ကျပ်ခန့်ရရှိကြပါသည်။ နေ့စားအလုပ်လုပ်ကိုင်သူများမှာ ဈေးဆိုင်ဝန်ထမ်း၊ ပန်းရံ-လက်သမား အလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင်လုပ်အားခ ကျား(၅၀၀၀)ကျပ်၊ မ(၄၀၀၀)ကျပ်ရရှိပါသည်။ ကျေးရွာအိမ်ထောင်စုပေါင်း(၁၁၇)စုလုပ်ကိုင်ကြသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာအဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီး များ၏ အခန်းကဏ္ဍမှာ အားနည်း နေဆဲဖြစ်ပါသည်။

## ဖျာပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဦးစားပေး ဆောင်ရွက်မည့် အဆိုပြုစီမံချက် လုပ်ငန်းများ

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစားပေး အဆင့် | အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ထန်းပင်ကုန်း | အခြေခံအဆောက်အဦ | စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း | ၁ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၂ | ထန်းပင်ကုန်း | အခြေခံအဆောက်အဦ | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ၂ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၃ | ထန်းပင်ကုန်း | အခြေခံအဆောက်အဦ | ကျေးရွာခန်းမတည်ဆောက်ခြင်း | ၃ | ကျေးရွာ | |
| ၄ | ထန်းပင်ကုန်း | ပညာရေး | ကျောင်းဝန်ထမ်းအိမ်ယာဆောက်လုပ်ခြင်း | ၄ | ပညာရေး/ကျေးရွာ | |
| ၅ | ထန်းပင်ကုန်း | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၅ | ကျန်းမာရေး/ကျေးရွာ | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

နောက်ဆက်တွဲ (၁)

## နောက်မီးကျေးရွာအုပ်စု၊ ထန်းပင်ကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသိန်းအေး | ဦးကျော်အေး | ၁၄/အမတ(နိုင်)၀၃၁၃၃၅ | ၄၉ | ဥက္ကဋ္ဌ | ၀၉-၄၄၄၈၀၀၇၂၁ |
| ၂ | ဦးမျိုးလွင် | ဦးငြိမ်း | ၁၄/အမတ(နိုင်)၀၂၆၂၅၈ | ၄၅ | သော့ကိုင်(၁) | ၀၉-၄၄၆၆၁၁၃၁၅ |
| ၃ | ဦးလွှမ်းမိုး | ဦးဆန်းဌေး | ၁၄/အမတ(နိုင်)၀၄၇၆၄၇ | ၃၁ | သော့ကိုင်(၂) | - |
| ၄ | ဦးအောင်မိုးဝင်း | ဦးစန်းထွေး | ၁၄/အမတ(နိုင်)၀၆၅၀၆၁ | ၁၈ | ဝယ်/ဆပ်ဥက္ကဋ္ဌ | ၀၉-၆၈၇၈၈၁၂၀၄ |
| ၅ | ဦးဟိန်းစည်သူ | ဦးမြင့်ဇော် | ၁၄/အမတ(နိုင်)၀၆၄၅၄၁ | ၂၂ | ဘဏ္ဍာရေးမှူး | ၀၉-၆၇၅၀၅၄၈၀၆ |
| ၆ | ဒေါ်ထွေးထွေးဝင်း | ဦးအောင်ခင် | ၁၄/အမတ(နိုင်)၀၀၄၉၃၉ | ၃၆ | စာရင်းကိုင် | ၀၉-၄၄၅၀၇၇၉၁၃ |
| ၇ | ဒေါ်လှလှဝေ | ဦးမျိုးဝင်း | ၁၄/အမတ(နိုင်)၀၆၀၆၀၆ | ၂၆ | အဖွဲ့ဝင် | ၀၉-၆၇၄၇၀၁၄၀၅ |
| ၈ | ဒေါ်ယုယုခိုင် | ဦးအောင်ဆန်း | ၁၄/ဖပန(နိုင်)၂၃၇၄၀၈ | ၂၆ | အဖွဲ့ဝင် | ၀၉-၆၇၉၆၉၈၆၇၁ |
| ၉ | ဦးမျိုးခိုင် | ဦးစိန်ဝင်း | ၁၄/အမတ(နိုင်)၀၃၆၇၅၃ | ၃၂ | အတွင်းရေးမှူး | - |

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၁ | ၈ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၅ | ၂၅ | ၄၀ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၃ | ၄၆ | ၇၉ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၄ | ၁၅ | ၄၉ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၁ | ၁၁၈ | ၂၄၉ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၀ | ၂၅ | ၅၅ | | |
| စုစုပေါင်း | | ၂၅၀ | ၂၃၀ | ၄၈၀ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၁၂၆ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသ-က် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ထန်းပင်ကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၂၆) အိမ်ထောင်စုရှိပြီး ၎င်းအိမ်ထောင်စုလူဦးရေမှာ (၄၈၀)ဦးရှိပါသည်။ ၎င်းလူဦးရေတွင် ကျား(၂၅၀)ဦး ရှိပြီး မဦးရေ(၂၃၀)ဦးရှိ ပါသည်။ ကျေးရွာတွင်း၌ အလုပ်လုပ်နိုင်သူဦးရေမှာ(၂၄၉)ဦးရှိပြီး ကျေးရွာ၏ စုစုပေါင်းလူဦးရေ၏ (၇၀%)ခန့်ရှိကာ မှီခိုသူဦးရေနည်းပါးပါသည်။ သက်ကြီးရွယ်အိုဦးရေမှာ ကျေးရွာရှိလူဦးရေ၏ (၃၀%)ခန့် သာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | အဓိက ဝင်ငွေရ | ရပ်တည်နိုင်မှု |
|---|---|---|---|---|

| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၈ | ၁၉ | ၁ | ၇ | ၁ | ၅ | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | - | ၁ | ၁ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၁၄ | - | ၁၀ | ၄ | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၇၅ | ၁၃၀ | ၁ | ၇၇ | ၅၃ | ၁၀၄ | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၆ | - | ၃ | ၃ | ၂ | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | ၁ | - | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | ☒ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၅ | ၆ | - | ၆ | - | ၉ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၄ | - | ၂ | ၂ | ၂ | မြင့် ☐ လတ်☐ နိမ့် ✓ |
| | စုစုပေါင်း | ၁၁၇ | ၂၅၈ | ၈ | ၁၂၁ | ၃၇ | ၁၆၆ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း** ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့် အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။** ကျွန်တော်တို့ ထန်းပင်ကုန်းကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု (၃၇)အိမ် မိသားစုဝင်လုပ်အား(၅၃)ဦးဖြင့် လုပ်ကိုင်ကြပါသည်။ ဝင်ငွေအားဖြင့် အသင့်အတင့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းဖြစ်သော စပါးနှင့် ပဲကိုအဓိကစိုက်ပျိုးပြီး အခြားသီးနှံများလဲ စိုက်ပျိုးကြပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ | နေ့စား | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ပန်းရံလုပ်ငန်း | | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။။** ကျွန်တော်တို့ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားဝင်ငွေရရှိမှု မှာ အများဆုံး (ကျပ်)ကျား(၈၀၀၀)မ(၈၀၀၀) အနည်းဆုံး (ကျပ်) ကျား(၄၀၀၀)နှင့် မ(၃၀၀၀)သာရရှိပါသည်။

**သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၁၀ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၅၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | ၅၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၆၆၀ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။။** ကျွန်တော်တို့ ကျေးရွာတွင် လယ်မြေ(၁၁၀) **ကေရှိပြီး မြေဆီလွှာအရေအသွေးမှာ သင့်ပြီး ကိုင်းကျွန်းမြေ(၅၀၀) ကေရှိ၍ မြေဆီလွှာအရေအသွေး သင့် ဖြစ်ပြီး စုစုပေါင်း(၆၆၀) ကေရှိပါသည်**

(ဂ-၂) **ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်မျိုး) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ လေ့လာတွေ့ရှိချက်။။။** ကျွန်တော်တို့ကျေးရွာတွင် သဘာဝအပင်မျိုးစိတ်များအနည်းငယ် တွေ့ရှိရပြီး ကျန်တွင်းထွက်သယံဇာတများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ် | စီးပွား (ဝင်ငွေ) | စီးပွား (ဝင်ငွေ) | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| ငန်း | အလွန်ကောင်း | အသင့်အတင့် | | အလွန်နည်း |
| အိမ်ထောင်စု | ၇ | ၃၁ | ၅၇ | ၂၂ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိရပြီး အိမ်ကြီးအိမ်ကောင်းများဖြစ်ပါသည်။ မပြေလည်သောအိမ်ထောင်စုများတွင် အိမ်အခြေအနေညံ့ကြောင်းနှင့် အလွန်အဆင်မပြေသောအိမ်ထောင်စုများတွင် အိမ်အခြေအနေအလွန်ညံ့ကြောင်း တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃ဝရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၆၁ | - | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၁______<br>လုပ်အားခကြိုယူ = ______ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၈၀ | ၂ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ____ ၁၃_____<br>လုပ်အားခကြိုယူ = ______ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၂၀ | ၂ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၁၀________<br>လုပ်အားခကြိုယူ = ______ |
| | | ၄ | |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ ကျေးရွာ၏ ဝမ်းစာဖူလုံမှု စစ်တမ်း ကောက်ယူရာတွင် (၃) လအောက် ဝမ်းစာ ဖူလုံသူ (၁) ဦး၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုမှာ (-)အိမ်ရှိပါသည်။ (၃)လနှင့်(၆)လကြား ဝမ်းစာဖူလုံသောအိမ်ထောင်စု(၁၃)နှင့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု(၂)အိမ်ရှိပါသည်။ (၆)လနှင့်(၁၂)

လကြား ဝမ်းစာဖူလုံသောအိမ်ထောင်စု(၁၀)နှင့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု(၂)အိမ်ရှိပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | ၃ | ၂ | ၅ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၅- | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | ၂၀ | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ ကျေးရွာတွင် ဆင်းရဲပြီးလူဦးရေများသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုဦးရေ(၅)စုရှိပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | ✔ | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | ✔ | | | | |
| ၃ | မုန်တိုင်းဒီရေ | | ✔ | | | | |
| ၄ | ဆူနာမီ | | ✔ | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | ✔ | | | | |
| ၆ | လေဆင်နှာမောင်း | | ✔ | | | | |
| ၇ | ငလျင် | | ✔ | | | | |
| ၈ | အပူလှိုင်း | | ✔ | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငင်ဝင်ရောက်မှု | | ✔ | | | | |
| ၁၀ | အအေးလှိုင်း | | ✔ | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | ✔ | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျော ညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၂ | မိုးခေါင်ခြင်း | | ✔ | | | | |
| ၁၃ | တောမီးလောင်ခြင်း | | ✔ | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | ✔ | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | ✔ | | | | |
| ၁၆ | မြေပြိုခြင်း | | ✔ | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | လတ် | | | လတ် | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | လတ် | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | ✔ | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✔ | | | | |
